The University of Osaka
Institutional Knowledge Archive

Title	နှိုင်ငံခြားကျောင်းသားများအတွက် မြန်မာစာ မြန်မာစကားသင်ကြားခြင်း (နှိုင်ငံခြားဘာသာစကား သင်ကြားခြင်း)
Author(s)	Htet, Htet
Citation	外国語教育のフロンティア. 2018, 1, p. 63-70
Version Type	VoR
URL	https://doi.org/10.18910/69779
rights	
Note	

The University of Osaka Institutional Knowledge Archive : OUKA

https://ir.library.osaka-u.ac.jp/

The University of Osaka

နိုင်ငံခြားကျောင်းသားများအတွက် မြန်မာစာ မြန်မာစကားသင်ကြားခြင်း

(နိုင်ငံခြားဘာသာစကား သင်ကြားခြင်း)

外国人学生に向けたミャンマー語教育について

HTET HTET

要約

本論文は、外国人学生（日本人）にミャンマー語を指導する中で得られた知見について、大きく3部に分けて述べたものである。各部の主な内容は、(1) 文学、言語と文化に関する書籍の選定状況の報告、(2) 教育現場で用いる各種手法の紹介、(3) 教育実践を通して得られた知見と課題の報告である。

第1部では、書籍の選定について述べる。直接教授法で指導を行っている１年生と２年生のクラスに向けた書籍のことを述べた後、専門科目を学ぶ３年生と４年生向けの書籍を挙げる。

第2部では、教育手法について述べている。(1) クラス内で教師が先導役となって議論を進める手法、(2) 学生の自主的学習を促す手法、(3) 協働学習によって課題を考察し、解決していく手法、(4) 学生に積極的に話させる手法、(5) ミャンマー語における文語体と口語体を合わせて教える手法という5種類の教育手法を示している。

第3部では、教育実践を通して得られた知見と教育上の課題について述べる。指導する上で最も必要なこととして、言語を学ぶことに楽しさを感じさせることがあり、その意義について述べる。次に、言語を教える上での課題や問題なども示す。

上述の外国人の為の外国語学習および教育を通して得られた知見とは、1年生、2年生、3年生、4年生、修士をはじめとしたクラスの実情に基づいたものであり、本論文の趣旨は、そのことに考察を加え、報告することにある。

နိဒါန်း

နိုင်ငံခြားဘာသာစကားသင်ကြားခြင်း အတွေ့အကြုံနှင့် ပတ်သက်ပြီး ဂျပန်ကျောင်းသား ကျောင်းသူတို့ကို မြန်မာစာပေ မြန်မာစကား ၊ မြန်မာ့ယဉ်ကျေးမှုသင်ခန်းစာများ ပို့ချရာတွင် အသုံးပြုထားသော နည်းစနစ် ၊ ပြဋ္ဌာန်းထားသော စာပေများ ၊ တွေ့ကြုံခဲ့ရသည့် အခက်အခဲအချို့ကို ပူးပေါင်း၍ ပြန်လည်ပြုစုထားသည့် စာတမ်းဖြစ်ပါသည်။ စာတမ်းတွင် အပိုင်းကြီး ၃ ခု ခွဲခြားပြီး တင်ပြပေးပါမည်။ (၁) **စာပေ ဘာသာစကား ပြဋ္ဌာန်းမှုနှင့် ပတ်သက်သော အပိုင်း** ၊ (၂) **အသုံးပြု နည်းစနစ်များ** ၊ (၃) **သင်ကြားရေးအတွေ့အကြုံနှင့် အခက်အခဲ** ဟူ၍ ဖြစ်ပါသည်။

စာတမ်းရည်ရွယ်ချက်

ဤစာတမ်းသည် **နိုင်ငံခြားဘာသာစကား သင်ကြားခြင်း**စာတမ်းဖြစ်ပါ၍ မြန်မာစာပေ မြန်မာဘာသာစကားကို နိုင်ငံခြားသား ကျောင်းသားကျောင်းသူတို့ တတ်မြောက်လာစေရန် မည်ကဲ့သို့ သင်ကြားပို့ချသင့်သည်ဆိုသည့် အခြေခံအချက်အလက်များကို သုတေသနပြုစုလိုခြင်း ၊ နိုင်ငံခြားသားများကို မြန်မာစာပို့ချရေးအတွက် **လက်တွေ့ကျသော ဘာသာစကားသင်ကြားရေး နည်းစနစ်**တို့ ပိုမိုဖွံ့ဖြိုးလာစေရန် ဖြစ်ပါသည်။

အပိုင်း (၁)

စာပေ ၊ ဘာသာစကား ၊ ယဉ်ကျေးမှုဆိုင်ရာ
အချက်အလက်နှင့် စာအုပ်စာတမ်းများ ပြဋ္ဌာန်းခြင်း

မြန်မာဘာသာစကား သင်ကြားမှုတွင် (၁) **တိုက်ရိုက်ပို့ချခြင်း** နှင့် (၂) **သွယ်ဝိုက်ပို့ချခြင်း**ဟူ၍ ရှိပါသည်။ တိုက်ရိုက်ပို့ချရန်အတွက် **ဘာသာစကားသင်ကြားမှု** စနစ် ၄ ခုကို အသုံးပြုထားပါသည်။ **အပြော အကြား အရေး အဖတ်** (Language Teaching 4 System)သည် အခြေခံအကျဆုံးဖြစ်ပါသည်။ ထို့ကြောင့် မြန်မာစာအဓိက ပထမနှစ် နိုင်ငံခြားကျောင်းသားများအတွက် ဆရာ **ဂျွန်အိုကယ်လ်** ၏ (အင်တာနက်စာမျက်နှာမှ) Essential Myanmar (Burmese by Ear) စာအုပ် ၊ ဒုတိယနှစ် အတွက် **ဆရာအိုနိုတိုးရု**၏ **မြန်မာ – အင်္ဂလိပ် – ဂျပန် အခြေခံစကားပြောခြင်း** စာအုပ်တို့ကို အသုံးပြုထားပါသည်။ ယခင်က ပထမနှစ် မြန်မာစာအဓိက ကျောင်းသားကျောင်းသူများအတွက်

ဆရာဂျွန်အိုကယ်လ်၏။ စာအုပ် First Step in Burmese ကို အသုံးပြုခဲ့ဖူးပါသည်။ ပထမနှစ်နှင့် ဒုတိယနှစ်အတွက် စာအုပ်ရွေးချယ်ခြင်းသည် ဘာသာစကားကို တိုက်ရိုက်ပို့ချနိုင်ရေးအတွက် ဦးစားပေး ရွေးချယ်ပေးရပါသည်။ သို့ပါ၍ ဘာသာရပ်သီးသန့် ရွေးချယ် ပြဋ္ဌာန်းမှု လုံးဝမပါဝင်ပေ။

တတိယနှစ် နှင့် စတုတ္ထနှစ်အတန်းများအတွက် **မြန်မာစာပေရေးရာ ၊ ဘာသာစကား ၊ ဘာသာဗေဒ ၊ ယဉ်ကျေးမှု**တို့နှင့်ဆိုင်ရာ သင်ခန်းစာများကို ပြဋ္ဌာန်းပေးရပါသည်။ သက်ဆိုင်ရာ အတန်းအလိုက် ဘာသာရပ်ကို ရွေးချယ်ပေးရပါသည်။ တတိယနှစ် ၊ စတုတ္ထနှစ်အတန်းများတွင် Language 4 Skills ကို ဦးစားပေး မထားပါ။ လက်ရှိ ပို့ချလျက်ရှိသည့် တတိယနှစ် + စတုတ္ထနှစ် အတန်းများတွင် (၁) ဘာသာပြန်ခြင်း သင်ခန်းစာ ၊ (၂) **မြန်မာစကားပုံ ဆိုရိုးများအကြောင်း** ၊ (၃) **ဝတ္ထု ဆောင်းပါးများ** ၊ (၄) **မြန်မာဘာသာစကားရှိ အနက်အဓိပ္ပာယ်များ** (Semantics) ၊ (၅) ဘာသာဗေဒ (Linguistics) တို့ကို အဓိကထား ပို့ချပေးပါသည်။

ဘာသာပြန်အတွက် **ဂျပန်ပုံပြင်များ** (ဂျပန်ဘာသာစကားဖြင့်) စာအုပ်ကို ရွေးချယ်ပါသည်။ စကားပုံ ဆိုရိုးများ ပို့ချရန်အတွက် ပညာရေးဝန်ကြီးဌာန ၊ **မြန်မာစာအဖွဲ့ဦးစီးဌာနကထုတ်ဝေသော (၁) မြန်မာစကားပုံ ၊ (၂) မြန်မာဆိုရိုး** နှင့် **ငြိမ်း (ရွှေလီ)**၏။ **အညာစကားပုံ အညာဆိုရိုးစကား** စာအုပ်တို့ကို ရွေးချယ်ပါသည်။ ဝတ္ထု ဆောင်းပါးများ ပို့ချနိုင်ရန်အတွက် **မောင်သာချို** ရေးသားသော **စိမ်းလန်းသောမိသားစု** (စာအုပ်)၊ **တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း** စာအုပ်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနက စုစည်းပေးသော **ယဉ်ကျေးလိမ္မာ မျိုးမြန်မာ** (စာတမ်းများ) ၊ **ပန်းနှင်းမွန်မွန်**၏။ **မြန်မာမိသားစုနှင့် မြန်မာ့ယဉ်ကျေးမှု** စာအုပ်တို့ကို ရွေးချယ် ပို့ချပါသည်။ Semantics အတန်းအတွက် **မောင်ခင်မင် (ဓနုဖြူ)** ၏။ ဘာသာစကားဆောင်းပါး များ ၊ **ရွှေပြည်စိုး (မြန်မာစာ)** ၏။ ဘာသာစကားဆောင်းပါးများ ၊ **မြန်မာစာအဖွဲ့ဦးစီးဌာနထုတ်-မြန်မာအဘိဓာန် (က – အ** စာအုပ်) ဝေါဟာရအဖွင့်များ ၊ ဘာသာဗေဒအတွက် **ဆရာ ဦးထွန်းမြင့်** ၏။ ဘာသာဗေဒ ၊ **သဒ္ဒဗေဒ** စာအုပ် ၊ **ဒေါက်တာရွှေပြည်စိုး**၏။ Aspects of the Myanmar Language (**မြန်မာဘာသာစကား** စာအုပ်)နှင့် Combining Morphology (**ဘာသာဗေဒသဘောနှင့် စကားလုံးသဒ္ဒါ**) စာအုပ်တို့ကို ပို့ချပေးနေပါသည်။

နောက်ထပ် ပို့ချပေးသည့် ပူးတွဲအတန်းတစ်ခုမှာ **ကွင်းဆင်းသုတေသန** အတန်းဖြစ်ပါသည်။ ဂျပန်လူမျိုး ဆရာတစ်ဦး (ဆရာအိုစုကဘ)နှင့်အတူ တွဲဖက်၍ အမေးအဖြေပြုသည့် အတန်းဖြစ်၍ ပြဋ္ဌာန်းစာအုပ် သီးခြားမရှိပါ။ **မဟာဝိဇ္ဇာ** (MA) အတန်းတွင် သီးခြားစာအုပ် မထားပါ။ သိလိုသည်များကို **အမေး – အဖြေပြုရသည့်** အတန်းပင် ဖြစ်ပါသည်။

ဖော်ပြပါ အတန်းအသီးသီးအတွက် လိုအပ်လျှင် လိုအပ်သလို တိုးချဲ့ သင်ကြားရပါသည်။ **ဥပမာ** - ဘာသာပြန်ရန်အတွက် ဂျပန် – **မြန်မာ ပြန်ဆိုခြင်းပုံစံ** ၊ **မြန်မာ – ဂျပန် ပြန်ဆိုခြင်းပုံစံ**ဖြင့် (ဘာသာစကားနှစ်ခု အသုံးပြုပြီး) အပြန်အလှန် ပို့ချပါသည်။ **မြန်မာစကားပုံများ ဆိုရိုးစကားများ**ကို ပို့ချရင်း **မြန်မာလူမှုအသိုင်းအဝိုင်းဆိုင်ရာ အခြေအနေအမျိုးမျိုး**ကို ရှင်းပြပေးပါသည်။ ဘာသာဗေဒ ၊ **အတ္ထဗေဒသင်ခန်းစာများ**ကို ပို့ချရင်း **မြန်မာဘာသာစကားဆိုင်ရာ ပြဿနာ** (Language Problem) များကို ရှင်းပြပါသည်။ ဝတ္ထု ဆောင်းပါးများပို့ချမှုတွင် **မြန်မာစာပေ**ကို တိုက်ရိုက်သင်ကြားခြင်းမျိုး မဟုတ်ဘဲ စာဖတ် ဆွေးနွေးသည့် ပုံစံဖြင့်သာ (သွယ်ဝိုက်ပြီး)သင်ကြားပေးပါသည်။

စာပေ ၊ ဘာသာစကား ၊ ယဉ်ကျေးမှုဆိုင်ရာအချက်အလက် ၊ စာအုပ်စာတမ်းများ ပြဋ္ဌာန်းခြင်းတွင် သက်ဆိုင်ရာ အတန်းအသီးသီးနှင့် ဆီလျော်စေမည့် စာပေအမျိုးအစား ၊ ဘာသာစကား

စာအုပ် ၊ ယဉ်ကျေးမှုစာတမ်းများကိုသာ စိစစ်ရွေးချယ်ခဲ့ပါသည်။ မလွယ်လွန်း မခက်လွန်းသော အခြေအနေမျိုးကိုသာ ပို့ချပေးရပါသည်။ ဆီလျော်သလို ရွေးချယ် သင်ကြားသော စာအုပ်များမှာ **မြန်မာ့ရိုးရာ အလွယ်ဆုံး မုန့်လုပ်နည်း** (စာရေးသူအမည် မပါ) စာအုပ် ၊ **တက္ကသိုလ်တောသား ၏ အတွေးလှလှ တေးမြမြ**(စကားထာကဗျာများ)စာအုပ်၊ မြန်မာစာအဖွဲ့ဦးစီးဌာနထုတ် **မြန်မာစာ မြန်မာစကား**စာအုပ် ၊ ပညာတန်ဆောင်ထုတ် **စာသင်ကျောင်းက ခေါင်းလောင်းသံ**ကဗျာများ စာအုပ် ၊ **မပန်းခက်စီစဉ်သော ၂၁ ရာစု မြန်မာစာပေါင်းချုပ်** (မြန်မာဝတ္ထုများ)၊ **ခင်နှင်းယု၏ လက်ရွေးစင်ဝတ္ထုတိုများ**(၁၉၅၂ – ၁၉၉၆) စာအုပ် စသည်တို့ဖြစ်ပါသည်။ စာပေ၊ ဘာသာ၊ ယဉ်ကျေးမှု စသည်ဖြင့် အခြေခံစုံလင်အောင် ရွေးချယ် စုစည်းထားပါသဖြင့် နိုင်ငံခြား ကျောင်းသား ကျောင်းသူများ မြန်မာစာလေ့လာနိုင်ရန်အတွက် လုံလောက်သော ပြဋ္ဌာန်းမှုမျိုးဖြစ်ပါသည်။ သို့သော် စာအုပ် စာတမ်းများကို **နှစ်စဉ် (ဆီလျော်သလို) ပြောင်းလဲ ရွေးချယ်သွားရန်** လိုအပ်ပါသည်။

အပိုင်း (၂)

နိုင်ငံခြားသား သင်ကြားရေးအတွက် လိုအပ်သော နည်းစနစ်

ဤအပိုင်းတွင် နိုင်ငံခြားသားများကို မြန်မာစာသင်ကြားရေးအတွက် အမှန်တကယ် လိုအပ်သော နည်းစနစ်များကို ဖော်ပြမည် ဖြစ်ပါသည်။ ဘာသာစကားသင်ကြားရေးသည် စာပေလေ့လာပုံမျိုးနှင့် မတူပေ။ စာပေအတွက် ဖတ်ပြခြင်း ပြန်လည်ပြောပြခြင်းဖြင့် ပို့ချနိုင်မည် ဖြစ်သော်လည်း ဘာသာစကား၏ သဘာဝသည် စာဖတ်ရုံဖြင့် မလုံလောက်ပါ။ ထို့ကြောင့် Language Teaching သည် **စနစ်တစ်ခု** (Systematic rules) အနေဖြင့် ပို့ချပေးရန် မလွဲမသွေ လိုအပ်လာပါလိမ့်မည်။

(၁) ဆရာ ဆရာမက ဦးဆောင် ပို့ချပေးခြင်း

ဆရာဆရာမက အတန်းအတွင်း ဦးဆောင်ပို့ချပေးခြင်းက သီအိုရီပိုင်းအရ လိုအပ်ပါသည်။ သို့ပါ၍ Semantics အတန်း၊ Linguistics အတန်းအတွက် မြန်မာဘာသာစကားအကြောင်းကို ဦးဆောင်ပို့ချပါသည်။ Semantics ပို့ချမှုတွင် အခြေခံ ယဉ်ကျေးမှုမတူညီသဖြင့် စကားလုံးတစ်ခုအပေါ် ချဉ်းကပ် စဉ်းစားပုံ မတူခြင်း ၊ အနက်အဓိပ္ပာယ် သတ်မှတ်မှု လွဲနိုင်ခြင်းများကို Native Speaker ဆရာဆရာမက ဦးဆောင် ဆွေးနွေးမှသာ **ဘာသာစကား၏အာနိသင်** ပို၍ ထိရောက်နိုင်ပါမည်။

ဘာသာဗေဒပို့ချရာတွင်လည်း အခြေခံစကားလုံးများ ၊ စကားလုံးတိုးချဲ့ခြင်း ၊ စကားလုံးပွားများလာခြင်း ၊ အထူးပြုခြင်း အလေးအနက်ပြုခြင်း ၊ မြန်မာစကားပေါင်းများအကြောင်း ၊ ဘာသာစကားတာဝန်များ ၊ အခြေခံလူမှုဘာသာဗေဒ (Sociolinguistics) စသည်တို့ကို ဆရာ ဆရာမက ဦးဆောင်မှသာ နိုင်ငံခြားဘာသာစကားလေ့လာမှုတွင် တိုးတက်နိုင်ပါမည်။ ထို့ကြောင့် ယင်းအတန်းနှစ်ခုတွင် အမေးအဖြေပြုခြင်းပုံစံထက် ဦးဆောင် ဆွေးနွေးပြပြီးမှ လိုအပ်သလို ပြန်လည်မေးမြန်းစေခြင်း ၊ ဆရာနှင့်တပည့် အပြန်အလှန် ဆွေးနွေးခြင်းမျိုး ပြုရပါမည်။

(၂) ကျောင်းသားကျောင်းသူများကိုယ်တိုင် အားထုတ်စေခြင်း

ကျောင်းသားကျောင်းသူများကိုယ်တိုင် အားထုတ်လာစေရန်လည်း ဆောင်ရွက်ပေးရပါမည်။ ဒုတိယနှစ်(Free Lecture)အတန်း၊ **ကွင်းဆင်းသုတေသန**(တတိယနှစ် + စတုတ္ထနှစ်)၊ **စာဖတ်ခြင်းနှင့် ဆွေးနွေးခြင်း** (တတိယနှစ် + စတုတ္ထနှစ်) ၊ **မြန်မာစကားပုံ** ၊ **ဆိုရိုး** (တတိယနှစ် + စတုတ္ထနှစ်)တို့တွင် ကျောင်းသားကျောင်းသူများကိုယ်တိုင် စဉ်းစားစေပါသည်။ ယင်းမှာလည်း ဘာသာစကားသင်ကြားရေးအတွက် အထောက်အကူဖြစ်စေပါသည်။ ကျောင်းသား ကျောင်းသူများ မသိသည့် အချက်အလက်များကို တစ်ဦးချင်း မေးမြန်းစေပါသည်။ **ဆရာအိုနိုတိုးရူဇ**၊ **မြန်မာ ဂျပန် အဘိဓာန်**စာအုပ်ကို ရှာဖွေစေပါသည်။ ကိုယ်တိုင် အားထုတ်လိုက်ခြင်းဖြင့် Language Skill ပိုမိုတိုးမြင့်လာစေပါသည်။ ကျောင်းသားကျောင်းသူများ၏ Self Study ကိုလည်း အားပေးရာရောက်ပါသည်။ သို့ဖြစ်၍ ဤအပိုင်းသည်လည်း ဘာသာစကား သင်ကြားမှုအတွက် လိုအပ်ပါသည်။

(၃) အတူတွဲလျက် စဉ်စား အဖြေရှာခြင်း

ဤစနစ်ကို ဘာသာပြန်ဆိုခြင်း သင်ခန်းစာ၊ မဟာဝိဇ္ဇာအတန်းတို့တွင် အသုံးပြုထားပါသည်။ မဟာဝိဇ္ဇာသင်တန်းသားများအတွက် သက်ဆိုင်ရာကျမ်းခေါင်းစဉ်အလိုက် အတူဆွေးနွေးပေးရပါသည်။ **ဥပမာ - ရှေးဟောင်း မြန်မာစကားလုံးများကို ရှာဖွေခြင်း** ၊ **ဆိုလိုချက် အခြေအနေကို ရှင်းပြခြင်း** ၊ **မြန်မာလူမျိုးတို့၏**၊ **ယုံကြည်မှု** ၊ **ဘာသာတရား** ၊ **ဓလေ့ထုံးစံ** ၊ **ရှေးဟောင်းအယူအဆ** ၊ **ခေတ်အမြင်** ၊ **မြန်မာဘုရင်တို့၏**၊ **ဘုန်းတော်ဘွဲ့များ** ၊ **ဗေဒင်ကိန်းခန်း** ၊ **ယတြာ** ၊ **ရှေးမြန်မာတို့၏**၊ **စိတ်နေစိတ်ထား စသည်တို့ကို** သမိုင်း ၊ ယဉ်ကျေးမှု ၊ လူမှုဘဝ ရှုထောင့်အရ ရှင်းလင်း ဆွေးနွေးပေးပါသည်။ **မြန်မာတို့၏**၊ **အတိတ် နိမိတ် တဘောင် အယူအဆများ**သည် ဂျပန် ရှေးဟောင်းယဉ်ကျေးမှုနှင့်လည်း တမူကွဲပြားတတ်သည်ကိုလည်း သင်ကြားရေးအတွေ့အကြုံအရ တွေ့ရတတ်ပါသည်။

(၄) စကားပြောဆိုစေခြင်း

စကားပြောဆိုစေခြင်းကို **ဒုတိယနှစ်** (Free Lecture) အချိန်တွင် ပြုလုပ်ပေးပါသည်။ ဒုတိယနှစ် ကျောင်းသား ကျောင်းသူများကိုယ်တိုင် **စကားအပြောအဆို** လေ့ကျင့်စေပြီးမှ **မြန်မာ့** လူမှု ဓလေ့ထုံးတမ်း အစဉ်အလာများ ၊ **မြန်မာ့** ရေမြေသဘာဝများ ၊ ပွဲတော်များ ၊ ရိုးရာမုန့်များ ၊ စားစရာများ အကြောင်းကို ရှင်းပြပါသည်။ စာဖတ်ခြင်း ဆွေးနွေးခြင်းအပိုင်းတွင်လည်း ဤနည်းကို အသုံးပြုထားပါသည်။ စကားပြောဆိုစေခြင်းဖြင့် **မြန်မာစာ** ဖတ်မှုစွမ်းရည်ကို တိုးမြင့်ပေးနိုင်ပါလိမ့်မည်။ **မြန်မာ** **လူကြီးလူငယ် ဆက်ဆံရေး** ၊ **ဆရာ တပည့်ဆက်ဆံရေး** ၊ **မိဘ သားသမီးဆက်ဆံရေး** စသည်တို့ကိုလည်း လူမှုရှုထောင့်က ရှင်းပြပေးပါသည်။ ကျောင်းသား ကျောင်းသူများကိုလည်း ပြန်လှန် မေးမြန်း ဆွေးနွေးစေပါသည်။ **မြန်မာ**ဝတ္ထု ဆောင်းပါးများလာ ဘဝသင်ခန်းစာများကို ဆွေးနွေးလိုက်

ခြင်းဖြင့် မြန်မာ–ဂျပန် မတူညီနိုင်သည့် ယဉ်ကျေးမှုအမြင်များကိုလည်း ရင့်သန်လာစေပါသည်။ သိရှိလိုသည်များကိုလည်း လွတ်လပ်စွာ မေးမြန်းစေခြင်းဖြင့် ရင်းနှီးမှု တိုးတက်လာစေပါသည်။

(၅) **မြန်မာစာ အရေးအပြောကို တွဲလျက်သင်ကြားပေးရခြင်း**

ဤနည်းဖြင့် ဘာသာပြန်ခြင်းသင်ခန်းစာကို လေ့ကျင့်စေပါသည်။ မြန်မာစကားနားလည်မှုအဆင့် ကျွမ်းကျင်လာစေရန် ဘာသာပြန်ခြင်း (Translation Skill)သည် လိုအပ်ပါသည်။ ဘာသာပြန်ဆိုမှု တွင်လည်း မည်သည့်ဘာသာစကားမဆို ပူးတွဲလေ့လာအပ်သည့် အရေးစနစ်နှင့် အပြောစနစ်ကို ထည့်သွင်း လေ့လာအပ်ပါသည်။ ဂျပန်စာနှင့် စကားအရ အရေးနှင့် အပြောစနစ်တို့က လွန်စွာ ခြားနားမှု မရှိကြသော်လည်း မြန်မာစာ မြန်မာစကားတွင်မူ **အရေးပုံစံ အပြောပုံစံ**တို့သည် ကွဲလွဲ နေပါသည်။ ထို့ကြောင့် နိုင်ငံခြားဘာသာစကားတစ်ခုခုကို လေ့လာရာတွင် သက်ဆိုင်ရာ ဘာသာ စကားအရ **အရေးစနစ် အပြောစနစ်**ကိုလည်း စနစ်တကျ လေ့လာနိုင်ရန် လိုအပ်ပါသည်။ ထို့ ကြောင့်ပင် Language Skill တို့တွင် **စကား ၄ ခု** အစား ဘာသာပြန်ခြင်းထည့်သွင်းပြီး Language 5 Skills အဖြစ် ပို့ချပေးပါသည်။

အပိုင်း (၃)

နိုင်ငံခြားသား သင်ကြားရေးအတွေ့အကြုံနှင့် အခက်အခဲများ

– **ဘာသာစကားသင်ကြားမှု အတွေ့အကြုံ**

သင်ကြားရေးအတွေ့အကြုံတွင် နှစ်ပိုင်း တွေ့ရှိရပါသည်။ (၁) **တိုးတက်ခြင်း** နှင့် (၂) **အခက်အခဲ** ဖြစ်ပါသည်။ တိုးတက်မှုကို လေ့လာလိုက်လျှင် Language 4 Skill ဖြင့် သင်ကြားခြင်းသည် အခြေခံ ဖြစ်ပါသည်။ သို့သော် **အခြေခံအဆင့်** (Basic Level)တွင်သာ ထိရောက်ပါလိမ့်မည်။ ထို့ကြောင့် **ဘွဲ့ကြိုအဆင့်** (တတိယနှစ် + စတုတ္ထနှစ်)၊ **ဘွဲ့လွန်အဆင့်** (Master Level + Doctorate) အဆင့် တို့တွင် ဘာသာစကားလေ့လာမှု စကား ၄ မျိုးထက် ဘာသာရပ် ကျွမ်းကျင်မှုကို အားပေးရပါမည်။ ဘာသာစကား တိုးတက်ခြင်းအတွက် ဘာသာရပ်အလိုက် လေ့လာမှု ၊ ချဉ်းကပ်တတ်မှုတို့ကို ပြု လုပ်ပေးရပါမည်။ **နိုင်ငံခြားသားကို မြန်မာစကားသင်ရသော အတွေ့အကြုံသည် မြန်မာလူမျိုးတို့ ကို (မြန်မာစာအဓိကဖြင့်) စာသင်ရသော အတွေ့အကြုံနှင့် လုံးဝ မတူကြောင်း တွေ့ရပေသည်။**

နိုင်ငံခြားသားများအား မြန်မာစကား သင်ကြားခြင်းတွင် တိုးတက်မှုအတွက် အဓိက လို အပ်ချက်မှာ **ဘာသာစကားအာရုံ သွင်း**ပေးခြင်းဖြစ်ပါသည်။ Language Sense ကို **လက်တွေ့**နှင့် **လူမှုပတ်ဝန်းကျင်**က ရယူနိုင်ပါလိမ့်မည်။ **စာပေ ယဉ်ကျေးမှု**ကလည်း ရရှိနိုင်ပါသည်။ **စိတ်ဝင်စား မှု** အရလည်း တိုးတက်စေပါလိမ့်မည်။ ထိုအချက်အလက်အားလုံး ရယူခံစားနိုင်စေရန် အလေ့လာ ခံ ဘာသာစကားအတွင်း **ပျော်ရွှင်စေမှု**ပင် ဖြစ်ပါသည်။ သင်ကြားရေးအတွေ့အကြုံအရ **ပျော်ရွှင်စေ မှု** (Language Happiness) သည် တိုးတက်မှုအတွက် ပဓာနကျကြောင်း တွေ့ရှိရပါသည်။ ဘာ သာစကားတတ်မြောက်စေမှုတွင် Happiness (ပျော်ရွှင်မှု)သည် အခြေခံအချက်အဖြစ် ပါဝင်နေ

သည်ဟု ဘာသာစကားသင်ကြားမှု လေ့လာသူတို့က ယူဆကြသည်။ မြန်မာ့လူ့ဘောင်တွင်လည်း **ကျောင်းနေပျော်၍ စာတော်**၊ **ပုဂ္ဂိုလ်ခင်မှ တရားမင်တယ်**စသည်ဖြင့် ဆိုရိုးပြုကြလေသည်။ ထို့ကြောင့် ဆက်ဆံရေးနှင့် ဘာသာစကား Sense သည် ပျော်ရွှင်မှုတို့ကို ဖြစ်ပေါ်လာစေပါမည်။ ပျော်ရွှင်စွာ လေ့လာနိုင်ကြစေရန် ဒုတိယနှစ်အဆင့်တွင် **မြန်မာသံစဉ် တေးသီချင်း**အချို့ကို အတူတကွ သီဆို သင်ကြားပေးပါသည်။

– ဘာသာစကားသင်ကြားမှု အခက်အခဲများ

မြန်မာစာ မြန်မာစကားကို နိုင်ငံခြားသားတို့ကို ပို့ချပေးရာတွင် အခက်အခဲအချို့ကိုလည်း တွေ့ရပါသည်။ အဓိက အခက်အခဲမှာ **ဘာသာစကားအခက်အခဲ** ဖြစ်ပါသည်။ ဒုတိယအခက်အခဲ မှာ **ယဉ်ကျေးမှုအခက်အခဲ**ဖြစ်ပါသည်။ တတိယအခက်အခဲမှာ **ယုံကြည်မှု**နှင့် **ဆက်ဆံရေးအခက်အခဲ** ဖြစ်ပါသည်။ ထိုအခက်အခဲ ၃ မျိုးကို ကျော်လွှားနိုင်လျှင် **ဘာသာစကားတိုးတက်မှု** မလွဲမသွေ ရရှိပါလိမ့်မည်။ ထို အခက်အခဲ ၃ မျိုးကို မကျော်လွန်လျှင် Language Development သည် နှေးကွေးပါလိမ့်မည်။ ထို့ကြောင့် Media Language (ကြားခံ သင်ကြားမှုဘာသာစကား) သည် အရေးကြီး ပါသည်။ အလေ့လာခံဘာသာစကား၏ **ယဉ်ကျေးမှုနောက်ခံ** (Cultural Background)သည် အရေးကြီးသည်။ နောက်တစ်ဆင့်မှာ **ဆရာ တပည့်ဆက်ဆံရေး** ဖြစ်ပါသည်။ တစ်နည်း **လေ့လာသူ**နှင့် **ပို့ချသူတို့၏**။ **ဆက်သွယ်မှု ပုံစံ** (Social Situation) ဖြစ်ပါသည်။

ထို့ကြောင့် ဘာသာစကားတစ်ခုကို နိုင်ငံခြားသားများအား သင်ကြားပေးရာတွင် -

(၁) ကြားခံ (Teaching Language) သည် **အလေ့လာခံ ဘာသာစကား**သာ ဖြစ်ရပါမည်။
ဥပမာ - မြန်မာစကားသင်ယူသူအတွက် Teaching Language သည် မြန်မာစကားသာလျှင် ဖြစ်သင့်ပါသည်။

(၂) အလေ့လာခံဘာသာစကားကို အသုံးပြုပြီး Speaking Skill ကို အထူး တိုးတက်အောင် လေ့ကျင့်ပေးရပါမည်။ (တစ်နည်း **စကားများများ ပြောရမည်**)
Speaking ပြီးမှ အကြားအာရုံ၊ အရေးအလေ့အကျင့်၊ အဖတ်အလေ့အကျင့်တို့ကို ဆင့်ကဲဆင့်ကဲ လေ့လာသင့်သည်။

(၃) ဘာသာစကားမှားယွင်းမှုအပေါ် မရှက် မကြောက်ရပေ။
(မှားယွင်းမှုကို ရှက်သူ ကြောက်သူသည် ဘာသာစကားအဆင့် မတိုးတက်ပါ)

(၄) မိမိလေ့လာရာ ဘာသာစကား၏ **ရေမြေသဘာဝ**နှင့် **ယဉ်ကျေးမှုနောက်ခံ အခြေအနေ**အပေါ် စိတ်ဝင်စားမှု၊ လေးစားမှု ရှိရပါမည်။

(၅) **လေ့လာသူ** (ကျောင်းသူကျောင်းသား)နှင့် **ပို့ချသူ** (ဆရာ ဆရာမ)တို့အကြား **ယုံကြည်မှု** ရှိရပါမည်။ **ဆက်သွယ်မှုလမ်းကြောင်း** အမြဲ ဖွင့်ပေးထားရပါမည်။

ဖော်ပြပါ အချက် ၅ ရပ် သည် မြန်မာဘာသာစကားကို ဂျပန်ကျောင်းသား ကျောင်းသူတို့ကို သင်ကြားရာတွင် **(သင်ကြားမှု အတွေ့အကြုံအရ)** တွေ့မြင်ရသည့် Teaching Problem များ ဖြစ်ပါသည်။ တစ်နည်း နိုင်ငံခြားဘာသာစကားကို လေ့လာလိုလျှင် (၁) Language History ၊ (၂) Cultural Background ၊ (၃) Social Situation ၊ (၄) Learning Communication တို့ကို သေချာ နားလည်ထားအပ်ပါသည်။ ဘာသာစကားအခက်အခဲများကို ဖြေဖျောက်၍ ယနေ့ **ကမ္ဘာ့ရွာ**

(Global Village) အဆင့်တွင် နိုင်ငံခြားဘာသာစကားများကို မလွဲမသွေ သင်ယူတတ်မြောက်ရမည်သာ ဖြစ်ပေသည်။

ထိုမျှမက **လူမှုဘာသာဗေဒကိုလည်း အခြေခံ သင်ကြားမှုစနစ်တစ်ခုအဖြစ် တွဲဖက် သင်ကြားသင့်ပါ**သည်။ ဆက်လက်ဆိုရသော် ဂျပန်ဘာသာစကားနှင့် မြန်မာဘာသာစကား၏ ဘာသာစကားမျိုးရိုးအရ မူလအခြေခံကပင် မတူညီခြင်းကြောင့် Language Teaching Problem တစ်မျိုးမျိုး ဖြစ်ပေါ်ရသည်ဟုလည်း ယူဆမိပါသည်။

နိုင်ငံခြားဘာသာစကား လေ့လာ
ရခြင်းအကျိုးကျေးဇူး

နိုင်ငံခြားဘာသာစကားတစ်ခုခု(ဥပမာ–**မြန်မာဘာသာစကား**) ကို နိုင်ငံခြား ကျောင်းသား ကျောင်းသူများအနေဖြင့် လေ့လာ တတ်ကျွမ်းခြင်းဖြင့် **ဘာသာဗေဒ** (Linguistics) စနစ်များ ဖွံ့ဖြိုး တိုးတက်မှု ရှိနိုင်ပါသည်။ မြန်မာဘာသာစကားကို ဂျပန်ဘာသာစကားစနစ်တို့ဖြင့် နှိုင်းယှဉ် လေ့လာလျှင် စိတ်ဝင်စားဖွယ် အချက်များစွာ တွေ့နိုင်ပါမည်။ မြန်မာဘာသာစကားကို တတ်ကျွမ်းခြင်းဖြင့် **တိုဗက်-မြန်မာ ဘာသာစကား**တို့၏ ယေဘုယျ လက္ခဏာများကို လေ့လာရာ ရောက်ပေသည်။

ဘာသာစကားအကျိုးကျေးဇူးသာမက **မြန်မာ - ဂျပန် ယဉ်ကျေးမှုနှိုင်းယှဉ်ခြင်း**လည်း ပြုလုပ်နိုင်ပါမည်။ ဥပမာ - မြန်မာစကားပုံတွင် ဂျပန်အယူအဆတို့နှင့် ထပ်တူကျနေသော စကားပုံများ ၊ ခပ်ဆင်ဆင် စကားပုံများ များစွာ ရှိနေပါသည်။ ပုံပြင်များကို နှိုင်းယှဉ်လိုက်လျှင်လည်း မြန်မာပုံပြင် အယူအဆ ၊ ဓလေ့ထုံးတမ်းတို့တွင် ဂျပန်လူမျိုးများအတွက် စိတ်ဝင်စားစရာ အချက်အလက်များကို ရယူနိုင်ပါလိမ့်မည်။ ထို့ကြောင့် နိုင်ငံခြားသား (ဂျပန်လူမျိုးများ) နိုင်ငံခြားဘာသာစကားတစ်ခုခုကို လေ့လာခြင်းဖြင့် (၁) **ဘာသာစကား** ၊ (၂) **စာပေ** ၊ (၃) **ယဉ်ကျေးမှု** ၊ (၄) **လူမှုဘဝ** (Life Style) ၊ (၅) **ဓလေ့ထုံးတမ်း အစဉ်အလာများ** ၊ (၆) သက်ဆိုင်ရာ နိုင်ငံ၏ **ရေမြေသဘာဝ** ၊ **လူမျိုးရေး** ၊ **ဘာသာရေး** ၊ **အခြေခံအချက်အလက်**များစွာ ရယူနိုင်ပါလိမ့်မည်။

နိဂုံး

နိုင်ငံခြားကျောင်းသားများကို မြန်မာဘာသာစကားသင်ကြားခြင်း အတွေ့အကြုံ (စာတမ်း) သည် အိုဆာကာတက္ကသိုလ်တွင် ဂျပန်ကျောင်းသားကျောင်းသူများအား မြန်မာဘာသာစကား ၊ မြန်မာစာပေအကြောင်း သင်ကြားပို့ချရာမှ ရရှိလာခဲ့သော အတွေးအမြင် ၊ အယူအဆ ၊ လေ့လာတွေ့ရှိချက်များ ဖြစ်ပါသည်။ **ပထမနှစ် ၊ ဒုတိယနှစ် ၊ တတိယနှစ် ၊ စတုတ္ထနှစ် ၊ မဟာဝိဇ္ဇာ** အတန်းများက သိရှိတွေ့ကြုံလာခဲ့သော ဘာသာစကားသင်ကြားရေးအမြင်များဖြစ်ပါသဖြင့် လက်တွေ့ အခြေအနေအပေါ် အခြေခံထားခြင်းပင် ဖြစ်ပါသည်။

ထက်ထက်
ဧည့်ပါမောက္ခ (မြန်မာစာ)
အိုဆာကာတက္ကသိုလ်